

**PWINT THIT SA PROJECT**

**Transparency in Myanmar Enterprises**

# ပွင့်သစ်စ စီမံချက် ပထမအကြိမ် အစီရင်ခံစာ

# PWINT THIT SA
## TRANSPARENCY IN MYANMAR ENTERPRISES
## FIRST REPORT

Myanmar Centre for Responsible Business

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေးအထောက်အကူပြုဌာန

© Copyright Myanmar Centre for Responsible Business (MCRB), July 2014.

Myanmar Centre for Responsible Business (MCRB) is a Yangon-based initiative between the UK-based Institute of Human Rights and Business, and the Danish Institute for Human Rights.

The Centre was established to provide an effective and legitimate platform for the creation of knowledge, capacity and dialogue concerning responsible business in Myanmar, based on local needs and international standards, which results in more responsible business practices. It is a neutral platform working with businesses, civil society and government.

MCRB receives funding from UK, Denmark, Norway, Switzerland, Netherlands and Ireland, based on a collaboration.

**Myanmar Centre for Responsible Business**
15 Shan Yeiktha Street
Sanchaung, Yangon
Myanmar

Email: info@myanmar-responsiblebusiness.org

Web: www.myanmar-responsiblebusiness.org and www.mcrb.org.mm

Published by MCRB. All rights reserved. MCRB permits free reproduction of extracts from this publication provided that due acknowledgment is given and a copy of the publication carrying the extract is sent to the headquarter addresses above. Requests for permission to reproduce and translate the publication should be addressed to MCRB.

All information is believed to be correct as of 1 July 2014. Nevertheless, MCRB cannot accept responsibility for the consequences of its use for other purposes or in other contexts.

## Acknowledgements

MCRB is grateful to Transparency International for allowing the use of Questions 1-21 from the Transparency in Corporate Reporting' –questionnaire report. © Transparency International. All Rights Reserved. For more information, visit http://www.transparency.org.

MCRB is also grateful to intern Moe Sabai from the Pre-Collegiate Programme for her dedicated research for this report and wishes her well with the next phase of her studies.

# Table of Contents

## မာတိကာ

Introduction and Context ........ 1
မိတ်ဆက်နှင့် အခင်းအကျင်း

Project Rationale and Methodology ........ 7
စီမံချက်လုပ်ဆောင်ရသည့် အကြောင်းတရားနှင့် စနစ်တကျ ဆောင်ရွက်ပုံအဆင့်ဆင့်

- Company selection ........ 8
  ကုမ္ပဏီရွေးချယ်ခြင်း
- Communication with the companies ........ 8
  ကုမ္ပဏီများနှင့်ဆက်သွယ်ရေး
- Data collection and analysis ........ 8
  အချက်အလက်စုဆောင်းခြင်းနှင့် သုံးသပ်ခြင်း

Results ........ 13
ရလဒ်များ

- Reporting on Anti-corruption Programmes ........ 13
  အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆိုင်ရာ ထုတ်ပြန်ခြင်း
- Reporting on Organisational Transparency ........ 14
  အဖွဲ့အစည်းဆိုင်ရာပွင့်လင်းမြင်သာမှု ထုတ်ပြန်ခြင်း
- Reporting on Human Rights, Health, Safety, and Environment (HSE) ........ 16
  လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင် (HSE) ဆိုင်ရာ ထုတ်ပြန်ချက်

Overall Scores ........ 18
ရမှတ်များ

Conclusions ........ 21
နိဂုံး

Annex: Scoring Schedule ........ 25
(နောက်ဆက်တွဲ - အမှတ်ပေးစဉ်းမျဉ်း)

# Introduction and Context

Myanmar is currently undergoing a significant economic and political reform process for which transparency will be essential if the reforms are to be successful and win public trust. In 2013, President Thein Sein stated his government's commitment to promote transparent business procedures, build investor confidence and promote responsible investment in Myanmar [1]. Daw Aung San Suu Kyi has also highlighted the importance of transparency: "Without transparency there can be no accountability. And unless there's transparency we can never tell whether these investments are going to benefit the people or just the already privileged few"[2].

Part of that transparency relates to Myanmar companies who will play an important role in the country's future prosperity. Some of the largest companies in Myanmar are also the most controversial. As a consequence of the earlier sanctions applied by the USA and EU, a number have been previously included in EU and US visa ban/assets freeze lists and a few continue to be in the US list of Specially Designated Nationals (SDN)[3]. Beyond these lists, there is a widespread belief in Myanmar that any company which succeeded during the 1988-2010 era did so through corrupt practices and cronyism. While there are well-documented examples of such companies, there are also companies who succeeded by identifying and exploiting legitimate opportunities, albeit within a climate of corruption. Suspicion and a lack of transparency therefore continue to hang over the Myanmar business sector.

The question today for those companies, particularly the large ones, is whether they can take steps to become trusted players in the new Myanmar economy. In an op-ed for The Irrawaddy magazine[4], 88 generation leader Ko Ko Gyi, wrote that some businessmen could become assets for the country's development if they are willing to be transparent about how they made their fortune under the former military regime.

1. http://www.president-office.gov.mm/en/?q=briefing-room/speeches-and-remarks/2013/05/27/id-2104
2 http://news.bbc.co.uk/2/shared/bsp/hi/pdfs/18061210.pdf
3 http://www.treasury.gov/resource-center/sanctions/Programs/pages/burma.aspx
4 http://www.irrawaddy.org/z_88-generation/transformation-cronies-key-burmas-development-88-leader.html

The Myanmar government has already taken some steps to promote more transparency about business. The TiME project was partly inspired by the top taxpayers list produced by Myanmar's Internal Revenue Department[5] which has created a virtuous competition among Myanmar companies to demonstrate that they are good taxpayers. We also used this list as a proxy for determining the largest Myanmar companies to be surveyed for TiME.

The ongoing review of the Companies Act and the preparation for a stock exchange in Myanmar also provides an opportunity to modernise company transparency requirements.

Additionally, the international community, both businesses and governments, want to know more about Myanmar's companies.For foreign investors looking to enter Myanmar's market, the choice of local partner is probably the most important decision they will make. They want to know about their potential partner's commitment to business integrity, health, safety and environment (HSE) practices and respect for human rights.

As global pressure grows on businesses to be more transparent, many foreign investors are also under pressure in their home markets to publish information about their activities, including as a consequence of stock exchanges listing requirements requiring greater transparency and reporting. Increased disclosure can lead to increased human rights awareness, and allow greater organized scrutiny from civil society and external stakeholders.

Some companies now face regulatory requirements to report annually on their material risks, in addition to strict legal requirements on bribery and gift-giving. These legal requirements extend to ensuring that their Myanmar business partners adopt the same practices.

The same is broadly true for donors, including the international financial institutions (IFIs) such as the World Bank, and the International Finance Corporation (IFC), its arm which finances private sector investment. Their due diligence – particularly in a country as controversial as Myanmar – needs to be able to demonstrate that local companies which are selected to implement infrastructure projects, or chosen for investment programmes, have a commitment and track record for international standards of probity and respect for HSE and human rights.

The US government has taken a pioneering step and introduced strict policy and reporting requirements for its citizens investing in Myanmar in order to encourage responsible investments. The US Reporting Requirements stated that, "In the past,the absence of transparency and publicly available information with respect to foreign investment activities in Burma has contributed to corruption and misuse of public funds, the erosion of public trust, and social unrest, particularly in ethnic minority areas, which led to further human rights abuses and repression by the government and military. Public disclosure of information therefore will help new U.S. investment promote transparency and support government reform, a key U.S. foreign policy objective in Burma". The US government has also encouraged Myanmar companies, particularly those on the SDN list, to consider similar transparency about their operations.

It is against this background of demand both domestically and internationally for greater corporate transparency that the Myanmar Centre for Responsible Business (MCRB) decided to launch the Pwint Thit Sa or TiME (Transparency in Myanmar Enterprises) project to take a look at how large Myanmar companies are performing on transparency, and to encourage them to raise their performance to international standards.

MCRB is conscious that in the present Myanmar environment, the research questions set a high benchmark for local companies. It is a benchmark which more established companies in the region would have difficulty scoring highly against. According to the Business and Human Rights Resource Centre, whosewebsite www.business-humanrights.org tracks reporting and transparency by companies globally with a particular

5 http://www.irdmyanmar.gov.mm/?q=node/149/



focus on human rights, most companies in Southeast Asia and in Myanmar do not meet global standards regarding transparency[6].

Myanmar companies who achieve positive scores in this survey will therefore probably already be as transparent as their regional peers. Nonetheless, we hope that more Myanmar companies will show leadership and increase transparency around their business in line with international standards, as some have already started to do.

We believe that those companies – almost half of those surveyed - who have yet to develop websites are behind their peers, both within Myanmar and regionally, and should take the initial step to establish a website as soon as possible. A website is also a vital tool for internal company staff engagement. Staffs who can easily access up to date information about the company's approach to responsible business on a website are likely to be more committed to the company and better ambassadors for it with external stakeholders.

This research is intended to be repeated in 2015, and we hope that it will show clear improvements in company transparency. Before the next round of research is undertaken, the Myanmar Centre for Responsible Business will conduct workshops on human rights due diligence and anti-corruption to support Myanmar companies who are covered in the research but also for others who are interested in increasing their practice of responsible business.

Finally, it is worth underlining that this research does not rate or measure a company's performance on health safety and the environment (HSE), human rights and anti-corruption. It only measures the amount of published information on each company's website. MCRB has not been able to check the accuracy of that published information or make an assessment of how the company applies its stated policies and standards internally and externally. However, where a company is transparent about its activities and commitments, this strengthens the ability of its stakeholders and civil society groups to hold them to account against those commitments and recognise where they are performing in line with them, which should in turn drive better performance on the ground.

6 http://business-humanrights.org/sites/default/files/media/press-release-myanmar-29-apr-2014.pdf

# မိတ်ဆက်နှင့် အခင်းအကျင်း

မြန်မာနိုင်ငံတွင် လက်ရှိဖော်ဆောင်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်စွာနှင့် လူထုယုံကြည်မှုရရှိအောင် ပြုလုပ်မည်ဆိုလျှင် စီးပွားရေးနှင့်နိုင်ငံရေးလုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုသည် မရှိမဖြစ် အရေးပါလာလိမ့်မည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပွင့်လင်းမြင်သာမှုရှိသော စီးပွားရေးလုပ်ငန်းစဉ်များ တိုးမြှင့်ရန်၊ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို တည်ဆောက်ရန်နှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန် မိမိတို့အစိုးရအဖွဲ့က လုပ်ဆောင်နေသည်ဟု သမ္မတဦးသိန်းစိန်က ၂၀၁၃ တွင် ပြောကြားခဲ့သည်။[၁] ဒေါ်အောင်ဆန်းစုကြည်ကလည်း "ပွင့်လင်းမြင်သာမှုမရှိရင် တာဝန်ခံမှုလည်း မရှိနိုင်ပါဘူး။ ပွင့်လင်းမြင်သာမှုမရှိရင် အဲဒီရင်းနှီးမြှုပ်နှံမှုတွေဟာ လူထုအကျိုးဖြစ်စေသလား ဒါမှမဟုတ် အခွင့်ထူးခံလူနည်းစုဆီပဲ သွားနေတာလား ဆိုတာကို ကျွန်မတို့သိနိုင်မှာမဟုတ်ပါဘူး" ဟု ပြောကြားခဲ့ပြီး ပွင့်လင်းမြင်သာမှု၏အရေးကြီးပုံကို မီးမောင်းထိုးပြခဲ့သည်။[၂]

တိုင်းပြည်၏ အနာဂတ်သာယာဝပြောရေးတွင် အရေးကြီးသော အခန်းကဏ္ဍတစ်ရပ်မှပါဝင်မည့် မြန်မာကုမ္ပဏီများနှင့် ၎င်းတို့နှင့်ဆက်နွယ်သော ပွင့်လင်းမြင်သာမှုသည်လည်း အစိတ်အပိုင်းတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံရှိ အချို့သော အကြီးမားဆုံးကုမ္ပဏီကြီးများသည်လည်း အငြင်းပွားစရာ အများဆုံးဖြစ်နေကြသည်။ အမေရိကန်နှင့်အီးယူတို့က ချမှတ်ခဲ့သည့် အစောပိုင်းအရေးယူပိတ်ဆို့မှုများ၏ အကျိုးဆက်တစ်ရပ်အဖြစ် ကုမ္ပဏီအတော်များများမှာ အီးယူနှင့် အမေရိကန်တို့၏ ဗီဇာပိတ်ပင်မှု/ ပိုင်ဆိုင်မှုစာရင်းများထိန်းချုပ်ထားမှုတို့တွင် ယခင်ကတည်းကပါဝင်ခဲ့ကာ အနည်းငယ်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအားရည်ရွယ်ချမှတ်သည့် အမေရိကန်အရေးယူပိတ်ဆို့မှုစာရင်းတွင် ပါဝင်နေဆဲဖြစ်သည်။[၃] ထိုစာရင်းအပြင် ၁၉၈၈-၂၀၁၀ ကာလအတွင်း လုပ်ငန်းလည်ပတ်ခဲ့သည့် ကုမ္ပဏီတိုင်းသည် အဂတိလိုက်စားသည့်အလေ့အထများနှင့် ခရိုနီဂါဒကို ကျင့်သုံးခဲ့ကြသည်ဟု မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်ယုံကြည်ကြသည်။ ယင်းသို့သောကုမ္ပဏီများအား သေသေချာချာ မှတ်တမ်းတင်ထားသော ဥပမာများရှိကာ ကျင့်ဝတ်ကောင်းကောင်းဖြင့်လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး တရားဝင်ဖြစ်မှုရှိသော အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်၍ အသုံးချခဲ့သည့် ကုမ္ပဏီများလည်းရှိသည်။ သို့သော်လည်း သံသယဝင်မှုများနှင့် ပွင့်လင်းမြင်သာမှုမရှိမှုတို့သည် စီးပွားရေးလုပ်ငန်း ကဏ္ဍကိုကြီးစိုးဆဲ ဖြစ်သည်။

ယင်းသို့သော ကုမ္ပဏီများ(အထူးသဖြင့် ကုမ္ပဏီကြီးများ) အတွက် ယနေ့ကာလတွင်မေးရမည့်မေးခွန်းမှာ မြန်မာ့စီးပွားရေးအခင်းအကျင်းသစ်တွင် ယုံကြည်ထိုက်သောသူများဖြစ်လာရန် လျှောက်လှမ်းနိုင်မလားဆိုသည်ပင် ဖြစ်သည်။ ယခင်စစ်အစိုးရလက်ထက်တွင် မိမိတို့ရရှိခဲ့သည့် အကျိုးအမြတ်များမည်သို့ရရှိခဲ့သည်ကို ပွင့်လင်းမြင်သာစွာချပြလိုစိတ်ရှိခဲ့လျှင် အချို့သော စီးပွားရေးလုပ်ငန်းရှင်များသည် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အကျိုးဖြစ်လာနိုင်မည်ဟု ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုကိုကြီးက ဧရာဝတီမဂ္ဂဇင်း၏ အတွေးအမြင်ကဏ္ဍတွင် ရေးသားခဲ့သည်။[၄]



စီးပွားရေးလုပ်ငန်းနှင့်ပက်သက်ပြီး ပွင့်လင်းမြင်သာမှုပိုမိုတိုးမြှင့်ရန် အချို့သောလုပ်ငန်းများကို မြန်မာအစိုးရက လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ပွင့်သစ်စ စီမံချက်ပေါ်ပေါက်ရခြင်းတွင် မိမိတို့သည် အခွန်ကောင်းကောင်းပေးဆောင်ကြသူများဖြစ်ကြောင်း မြန်မာကုမ္ပဏီများကြား ကောင်းမွန်သောယှဉ်ပြိုင်မှုဖြစ်စေခဲ့သည့် မြန်မာနိုင်ငံ ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပြန်ခဲ့သော အခွန်ပေးဆောင်သည့် ထိပ်တန်းစာရင်း [၅] ကလည်း တစ်ထောင့်တစ်နေရာမှ ပါဝင်ခဲ့သည်။ ပွင့်သစ်စ စီမံချက်အတွက်လေ့လာရန်လုပ်ငန်းပမာဏအကြီးမားဆုံး မြန်မာကုမ္ပဏီများကို ရွေးချယ်ရာတွင်လည်း ယခုစာရင်းကို အသုံးပြုခဲ့သည်။

လောလောဆယ်ဆောင်ရွက်နေသည့် ကုမ္ပဏီဥပဒေပြန်လည်သုံးသပ်ခြင်းနှင့် မြန်မာနိုင်ငံတွင် စတော့ခ်အိတ်ချိန်းတစ်ခုပေါ်ထွန်းအတွက် ပြင်ဆင်မှုကလည်း ကုမ္ပဏီပွင့်လင်းမြင်သာမှုလိုအပ်ချက်များခေတ်နှင့်အညီဖြစ်စေရန် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်စေသည်။

ထို့ပြင်နိုင်ငံတကာ စီးပွားရေးအသိုင်းအဝိုင်းနှင့် အစိုးရများကလည်း မြန်မာကုမ္ပဏီများအကြောင်းကို ပိုမိုသိလိုကြသည်။ မြန်မာ့ဈေးကွက်သို့ ဝင်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ပြည်တွင်းလုပ်ငန်းလုပ်ဖက်ရွေးချယ်ရခြင်းသည် ၎င်းတို့ချမှတ်ရမည့် အရေးကြီးဆုံး ဆုံးဖြတ်ချက်ဖြစ်ပေလိမ့်မည်။ အလားအလာရှိသော မိမိတို့၏လုပ်ငန်းလုပ်ဖက်များ၏ စီးပွားရေးလုပ်ငန်း ဂုဏ်သိက္ခာ၊ ကျန်းမာရေး၊ လုံခြုံစိတ်ချမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အလေ့အထများနှင့် လူ့အခွင့်အရေး လေးစားလိုက်နာမှုကိုလည်း ၎င်းတို့က သိလိုကြသည်။

ပွင့်လင်းမြင်သာမှုပိုရှိရန် စီးပွားရေးလုပ်ငန်းများအပေါ် ကမ္ဘာလုံးဆိုင်ရာဖိအားများတိုးပွားလာစဉ်များစွာသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည်လည်း ပွင့်လင်းမြင်သာမှုနှင့် အစီရင်ခံတင်ပြခြင်းများစွာလိုအပ်သော စတော့ခ်အိတ်ချိန်းတင် ခြင်းလိုအပ်ချက်များ၏ နောက်ဆက်တွဲ တစ်ခုအနေဖြင့်အပါအဝင် ၎င်းတို့၏ လုပ်ငန်းများနှင့် ပတ်သက်သော သတင်းအချက်အလက်များ ထုတ်ပြန်ရန် ၎င်းတို့၏မိခင်နိုင်ငံဈေးကွက်တွင်လည်း ဖိအားပေးခံနေရသည်။ သတင်းအချက်အလက်များ ပိုမို ဖော်ထုတ်ခြင်းသည် လူ့အခွင့်အရေးပညာပေးမှု ပိုမိုတိုးပွားစေနိုင်ပြီး အရပ်ဘက်လူ့အဖွဲ့အစည်းနှင့် ပြင်ပသက်ဆိုင်သူများက ပိုပြီးစနစ်တကျရှိသော စိစစ်မှု ပြုလုပ်နိုင်ပေမည်။

ယခုအခါ အချို့သောကုမ္ပဏီများသည် မိမိတို့ နဖူးတွေ့ဒူးတွေ့ တွေ့ရသည့်အန္တရာယ် ဖြစ်နိုင်ခြေများကို နစ်ပတ်လည် အစီရင်ခံရမည့် စည်းကြပ်ရေး လိုအပ်ချက်များနှင့် ရင်ဆိုင်နေရသည်။ ထို့အပြင် လာဘ်ပေးခြင်းနှင့် လက်ဆောင်ပေးခြင်းတို့အပေါ် တင်းကြပ်သော တရားရေးဆိုင်ရာ လိုအပ်ချက်များနှင့်လည်း ရင်ဆိုင်နေရသည်။ ယင်းတရားရေးဆိုင်ရာ လိုအပ်ချက်များသည် ၎င်းတို့၏ လုပ်ငန်းလုပ်ဖက်မြန်မာ့စီးပွားရေး လုပ်ငန်းများကိုလည်း အလားတူအလေ့အထများ လက်ခံကျင့်သုံးစေရန် ဖြစ်သည်။

ကမ္ဘာ့ဘဏ် (World Bank)နှင့် ပုဂ္ဂလိက ကဏ္ဍရင်းနှီးမြှုပ်နှံမှုကို ငွေကြေးအထောက်အပံ့ပေးနေသည့် ၎င်း၏အဖွဲ့အစည်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC) တို့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးအင်စတီကျူးရှင်းများ(IFIs) အပါအဝင် အလှူရှင်များအတွက်လည်း အလားတူ အလေ့အထများ အတော်များများလိုအပ်သည်။ အထူးသဖြင့် မြန်မာနိုင်ငံကဲ့သို့ ဂိုဏ်ဂဏကွဲပြားဖွယ်ဖြစ်သော နိုင်ငံတစ်နိုင်ငံတွင် အခြေခံအဆောက်အအုံ စီမံချက်များကိုအကောင်အထည်ဖော်ရန် ရွေးချယ်မည့် သို့မဟုတ် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအစီအစဉ်များအတွက် ရွေးချယ်မည့် ပြည်တွင်းကုမ္ပဏီသည် မိမိ၏လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝကို တိုက်ရိုက်လည်းကောင်း၊ သွယ်ဝိုက်၍လည်းကောင်း သက်ရောက်မှုများကို ကြိုတင်သိမြင်ရန် စစ်ဆေးခြင်းထိခိုက်စေသော အကြောင်းများအား ကြိုတင်ကာကွယ်တားဆီးခြင်း လုပ်ငန်းများ(Due Diligence) ကိုပြသနိုင်ရန် လိုအပ်မည့် HSE နှင့် လူ့အခွင့်အရေး လေးစားလိုက်နာမှုနှင့် နိုင်ငံတကာစံနှုန်းများအတိုင်း ကျင့်သုံးမှုတို့ပြသည့် အားထုတ်လုပ်ဆောင်မှုနှင့် ကောင်းမွန်သောမှတ်တမ်းတစ်ခု ရှိရမည်ဖြစ်သည်။

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို အားပေးရန်အတွက် မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမည့် မိမိနိုင်ငံသားများအတွက် တင်းကြပ်သောမူဝါဒနှင့် အစီရင်ခံရေးလိုအပ်ချက်များကို စတင်ကျင့်သုံးခဲ့ပြီး အစောဆုံးခြေလှမ်းတစ်ရပ်ကို အမေရိကန်အစိုးရက စတင်ခဲ့သည်။ အမေရိကန်၏ အစီရင်ခံတင်ပြရေးလိုအပ်ချက်များတွင်ဖော်ပြထားသည်မှာ "အတိတ်ကာလတွင် မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သည့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများနှင့်ပက်သက်ပြီး ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် အများပြည်သူသိရှိနိုင်သည့် သတင်းအချက်အလက် မရှိခြင်းတို့သည် ပြည်သူ့ရန်ပုံငွေများ အလွဲသုံးခြင်းနှင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်စေခဲ့ပြီး ပြည်သူ့ယုံကြည်မှုကို ပျက်ပြားစေကာ အစိုးရနှင့် စစ်တပ်၏ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများထပ်မံဖြစ်ပေါ်စေသည့် လူမှုဘဝမငြိမ်သက်မှု(အထူးသဖြင့် လူနည်းစုတိုင်းရင်းသားဒေသများတွင်)ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် သတင်းအချက်အလက်များ အများပြည်သူသိရှိအောင် ဖော်ထုတ်ခြင်းသည် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံခြားရေးမူဝါဒ အဓိကရည်မှန်းချက်တစ်ခုဖြစ်သည့် အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုသစ်သည် ပွင်းလင်းမြင်သာမှုကို တိုးမြှင့်ပြီး အစိုးရ၏ ပြုပြင်ပြောင်းလဲရေးကို

### Company selection

MCRB used the Top 100 commercial taxpayers and Top 100 income payers published by the Internal Revenue Department [8] lists as a proxy for determining the largest Myanmar companies, in the absence of alternative sources of information (Myanmar does not yet have a stock market showing market capitalization).

On the basis of the 2012-2013 taxpayers' list, MCRB excluded state-owned enterprises and foreign companies and identified around sixty large, local, private companies owned by Myanmar citizens. Some Myanmar companies who were not on the significant taxpayer list were also included in the research due to their local importance. Subsidiaries have been grouped together under their parent Group. The list of companies surveyed, and known subsidiaries, is available from the MCRB website.

### Communication with the companies

Engaging with companies regarding the project was an important part of our methodology and was intended to enable us to start a dialogue with them about transparency and responsible business to continue beyond the lifetime of the research. Companies included in the research were first informed about their inclusion in late March 2014/ Early April both in hard copy and by email where known. The project was also launched in the local media, with the aim of inter alia alerting company senior managers to the project and encouraging them to participate actively.

In the last week of May 2014, companies were provided with their initial scores and asked to give feedback by 13 June, again in both hard and soft copy. They were encouraged to upload more information to their websites by 30 June. Companies were provided with a scoring schedule to help them understand the basis for the initial scores.

Our team was also available to meet with companies to answer questions on the survey and the information which was being sought.  Almost twenty companies contacted us regarding the project and several took the initiative to update their websites and to disclose further information, such as existing staff codes of conduct or anti-corruption commitments.  Some websites were significantly overhauled during the research period as a result of the project.  In other cases, companies informed MCRB that although they supported the aims of the project, they were unable to launch or update their websites in the time available due to company changes or other factors.

Companies were encouraged to view the project as an ongoing process, and were informed that in the course of 2014/2015, MCRB would be available to provide further support to them to upgrade their responsible business practices.

We were hampered in our ability to communicate with some companies due to the absence of a website (in the case of 25 companies – 41.67% of those surveyed), let alone one with reliable contact information. Even where companies had a website, it appeared that information about the Pwint Thit Sa project was not reaching appropriate managers for response. This may partly reflect the absence of a Corporate Affairs or Communications function in many Myanmar companies.

### Data collection and analysis

Data were collected by conducting desk research on the websites of selected companies from 1st April to July 1st 2014. The websites of these local companies were accessed frequently during this time to find relevant information regarding the survey questions, and monitor changes.

8 http://www.irdmyanmar.gov.mm/?q=node/149/



Out of the 60 companies surveyed, only 35 companies have websites. The websites of these 35 companies were constantly reviewed throughout the project. Out of these 35 companies, the websites of 10 companies underwent significant changes.

A scoring schedule (Annex 1) was compiled based on Transparency International's scoring system. For each question, the scoring criteria were developed after a discussion within the MCRB team, based on a first review of websites. This scoring schedule was also sent to the companies.

Scores of 1, 0.5, or 0 were given to each question depending on the extent to which information is fully reported. A question was regarded as N/A and was not considered if that question was not relevant to the organization.

If some affiliate companies or subsidiaries in the Group carried more relevant information than the overall Group website, we took this into account using a similar methodology to that used by Transparency International in scoring country-by-country reporting by scoring the website of a company's country-based subsidiaries.  However in practice the only company whose score benefitted from this was Serge Pun Associates (SPA) Group whose FMI and Yoma Strategic websites carry more information than the Group website.

To standardize the score to a maximum of 10, the overall score was obtained by calculating an average of the scores derived for each section, which was then rescaled between 0-10, similar to the methodology used by Transparency International.

The higher the score, the more information a company is publishing on its official website about its business approach towards anti-corruption policy, organisational transparency, human rights and HSE. However, the score reflects information disclosure only and does not measure a company's performance on the ground on these issues. It also does not provide a 100% check of the accuracy of the information disclosed on the website.

# စီမံချက်ပြုလုပ်ရခြင်း အကြောင်းရင်းနှင့် စနစ်တကျ ဆောင်ရွက်ပုံအဆင့်ဆင့်

ကမ္ဘာတစ်ဝှမ်းရှိ လုပ်ငန်းပမာဏအကြီးမားဆုံးကုမ္ပဏီ ၁၀၀ ကျော်၏ ပွင့်လင်းမြင်သာမှုဆောင်ရွက်ချက်များကို အမှတ်ပေးသည့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ကြီး (TI) ၏ Transparency in Corporate Reporting (TRAC) ၏ Assessing the World's Largest Companies Report [7] ကို အတုယူပြီး ပွင့်သစ်စစီမံချက်(TiME) ကို MCRB က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထွန်းသစ်စဈေးကွက် နိုင်ငံစုံကော်ပိုရေးရှင်းများအပေါ် ဦးတည်သည့် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ကြီး (TI)၏ နောက်ဆုံးအစီရင်ခံစာကို ၂၀၁၃ အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့ပြီး တစ်ကမ္ဘာလုံးရှိကုမ္ပဏီများကို စောင့်ကြည့်သည့် နောက်ထပ်အစီရင်ခံစာသစ်မှာမူ ထွက်မလာသေးပေ။

Transparency in Corporate Reporting ၏ စနစ်တကျ လုပ်ဆောင်ပုံအဆင့်ဆင့်မှာ ကုမ္ပဏီများကို ၄င်းတို့၏ဝက်ဘ်ဆိုဒ်ပေါ်တွင် ထုတ်ပြန်ထားသည့် သတင်း အချက်အလက်များကို လေ့လာဆန်းစစ်ခြင်းအပေါ် အားပြုသည်။ လေ့လာသုံးသပ်သည့်နယ်ပယ် သုံးရပ်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် အခွန်ပေးဆောင်မှု အပါအဝင် နိုင်ငံတစ်ခုချင်းစီအတွက် အဓိကကျသော ဘဏ္ဍာရေးသတင်းအချက်များ ထုတ်ပြန်ခြင်းတို့ ဖြစ်သည်။ အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ အင်တာနက်ပေါ်တွင် ထုတ်ပြန်ထားသည့် ကျယ်ကျယ်ပြန့်ပြန့်ရရှိနိုင်သော သတင်းအချက် အလက်များအပေါ် အမှတ်ပေးခြင်း ဖြစ်သည်။

Transparency in Corporate Reporting ကို မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအခြေအနေများနှင့် ကိုက်ညီအောင် MCRB က ပြုလုပ်ခဲ့သည်။ မြန်မာကုမ္ပဏီများသည် နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးများ မဟုတ်သည့်အတွက် အမျိုးမျိုးသော တရားစီရင်ရေးများ အောက်တွင် အခွန်ပေးဆောင်ရန်မလိုပေ။ မြန်မာနိုင်ငံနှင့် သက်ဆိုင်သူများသည် မြေယာ၊ လူ့အခွင့်အရေးနှင့် HSE အခြေအနေများကို အထူးအာရုံစိုက်သည်။ ရလဒ်အားဖြင့် ပွင့်သစ်စစီမံချက်တွင် အောက်ပါ နယ်ပယ်သုံးရပ်ကို လေ့လာသည်။ ယင်းတို့မှာ-

၁။ **အဂတိလိုက်စားမှုတိုက်ဖျက်ရေး** - ၄င်းတို့၏ စီးပွားရေးလုပ်ငန်း၊ ကုန်စည်ဝန်ဆောင်မှုပတ်လမ်းနှင့် ပုဂ္ဂလိက ကဏ္ဍများတွင် အဂတိလိုက်စားမှုကိုတိုက်ဖျက်ရန် ကုမ္ပဏီကမည်သို့လုပ်ဆောင်သည်ကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးထုတ်ပြန်ခြင်းကို ပြသသည်။

၂။ **အဖွဲ့အစည်းဆိုင်ရာပွင့်လင်းမြင်သာမှု** - ၄င်းတို့၏ပမာဏ၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး ကုမ္ပဏီတစ်ခုသည် မည်သို့ပွင့်လင်းမြင်သာမှု ရှိသည်ကိုပြသသောကြောင့် ဤအပိုင်းသည် အခြေခံကျဆုံး ညွှန်းကိန်းတစ်ခု ဖြစ်သည်။

၃။ **လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝပတ်ဝန်းကျင် (HSE)** - ယင်းနယ်ပယ်များတွင် ကျင့်သုံးသည့် မူဝါဒများကို ထုတ်ဖော်ပြီး ၄င်းတို့၏ အကောင်အထည်ဖော်မှုများကို အစီရင်ခံခြင်းသည် စီးပွားရေးလုပ်ငန်းတစ်ခုက ၄င်း၏အလုပ်သမားများ၊ သဘာဝပတ်ဝန်းကျင် မည်သို့ကာကွယ်သနည်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကို မည်သို့ကြိုတင်ကာကွယ်သနည်းနှင့် ထိရောက်သော ကုစားမှုတစ်ခုရခွင့်အတွက် အထောက်အပံ့ ဖြစ်သလားဆိုသည်ကို ပြသသည်။

ယင်းဝက်ဘ်ဆိုဒ်များကို အမှတ်ပေးရန် မေးခွန်း ၃၅ ခုကို MCRB က ပြင်ဆင်ခဲ့သည်။ ယင်းတို့ကို နောက်ဆက်တွဲ ၁ တွင် ဖော်ပြထားသည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမြင်သာမှုကဏ္ဍများအတွက် မေးခွန်းများကို Transparency in Corporate Reporting မေးခွန်းများမှ ရယူထားသည်။ နောက်ဆုံးကဏ္ဍအတွက် မေးခွန်းများကိုမူ US Reporting Requirement မှ ရယူခြင်းနှင့် ပွင့်လင်းမြင်သာမှုဆိုင်ရာ အခြားကျွမ်းကျင်သူများနှင့် တိုင်ပင်ပြီးပြင်ဆင်ခဲ့သည်။

## ကုမ္ပဏီရွေးချယ်ခြင်း

အခြားသော သတင်းရင်းမြစ်များမရှိသည့်အတွက် (ဈေးကွက်အရင်းအနှီးပမာဏကို ဖော်ပြထားသည့် စတော့ဈေးကွက်တစ်ခု မြန်မာနိုင်ငံတွင် မရှိသေး) လုပ်ငန်းပမာဏအကြီးမားဆုံး မြန်မာကုမ္ပဏီများကိုရွေးချယ်ရာတွင် ပြည်တွင်းအခွန်များဦးစီးဌာနကထုတ်ပြန်သော ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်သူ ထိပ်တန်း ၁၀၀ နှင့် ဝင်ငွေခွန် ပေးဆောင်သူ ထိပ်တန်း ၁၀၀ စာရင်းများ[8] ကို အခြေခံအဖြစ် အသုံးပြုခဲ့သည်။

၂၀၁၂-၂၀၁၃ အခွန်ပေးဆောင်သူစာရင်းကိုအခြေခံကာ နိုင်ငံခြားကုမ္ပဏီများမပါ မြန်မာနိုင်ငံသားများပိုင် လုပ်ငန်းပမာဏကြီးမားသော ပြည်တွင်းပုဂ္ဂလိကပိုင်လုပ်ငန်း ၆၀ ခန့်ကို MCRB က ရွေးချယ်ခဲ့သည်။ ထိပ်တန်းအခွန်ပေးဆောင်သူစာရင်းတွင် မပါဝင်သည့် မြန်မာကုမ္ပဏီအချို့ကိုလည်း ၄င်းတို့၏ပြည်တွင်းအရေးပါမှုအရ သုတေသနတွင် ထည့်သွင်းခဲ့သည်။ ကုမ္ပဏီခွဲများကိုလည်း ၄င်းတို့၏ မိခင်ကုမ္ပဏီအောက်တွင် ထည့်သွင်းခဲ့သည်။ လေ့လာမှုတွင်ပါဝင်သည့် ကုမ္ပဏီများစာရင်းနှင့် ၄င်းကုမ္ပဏီများ၏ သိရှိထားပြီး ဖြစ်သော ကုမ္ပဏီခွဲများစာရင်းကို MCRB ဝက်ဘ်ဆိုဒ်တွင် ကြည့်ရှုနိုင်ပါသည်။

## ကုမ္ပဏီများနှင့် ဆက်သွယ်ခြင်း

ပွင့်သစ်စ စီမံချက်တွင်ပါဝင်သော ကုမ္ပဏီများနှင့်ထိတွေ့ဆက်ဆံခြင်းသည် ကျွန်ုပ်တို့နည်းနာဗေဒ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ရပ်ဖြစ် ပြီး သုတေသနကာလအလွန်တွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ၄င်းတို့နှင့် စကားဝိုင်းများ စတင်ပြုလုပ်သွားနိုင်ရန် ရည်ရွယ်ထားသည်။ ယခုသုတေသနတွင်ပါဝင်သည့်ကုမ္ပဏီများကို ၄င်းတို့ကိုထည့်သွင်းထားကြောင်း ၂၀၁၄ ဧပြီလအစပိုင်းက စာဖြင့်လည်းကောင်း၊ အီးမေးလ်သိခဲ့လျှင်လည်း အီးမေးလ်ဖြင့်လည်းကောင်း ပထမဆုံးအကြိမ် အကြောင်းကြားခဲ့သည်။ ကုမ္ပဏီရှိ ထိပ်တန်းမန်နေဂျာများက စီမံချက်ကိုသတိပြုမိပြီး တက်တက်ကြွကြွ ပါဝင်လာရေး တွန်းအားပေးနိုင်ရန် ပြည်တွင်းမီဒီယာများ၌လည်း စီမံချက်ကို ထည့်သွင်းဖော်ပြခဲ့သည်။

မေလနောက်ဆုံးပတ်တွင်မူ ကုမ္ပဏီများအား ၄င်းတို့ရရှိသည့် ကနဦးရမှတ်များနှင့်အတူ ဆက်သွယ်ခဲ့ပြီး ဇွန်လ ၁၃ ရက် နောက်ဆုံးထားပြီး မှတ်ချက်များပြန်ပေးရန် စာဖြင့်လည်းကောင်း၊ အီးမေးလ်ဖြင့်လည်း ထပ်မံအကြောင်းကြားခဲ့ပါသည်။ ထို့ပြင် ဇွန်လ ၃၀ ရက်နောက်ဆုံးထားပြီး ၄င်းတို့၏ဝက်ဘ်ဆိုဒ်တွင် သတင်းအချက်အလက်များ ပိုမိုထုတ်ပြန်ပေးရန်လည်း တိုက်တွန်းခဲ့ပါသည်။ ကနဦးရမှတ်များအတွက် အခြေခံကို ကုမ္ပဏီများနားလည်မှုတွင် အထောက်အကူဖြစ်စေရန် အမှတ်ပေးစည်းမျဉ်းများကိုလည်း တပါတည်းပေးပို့ခဲ့ပါသည်။

ကျွန်ုပ်တို့အဖွဲ့သည် ကုမ္ပဏီများနှင့်လည်းတွေ့ဆုံပြီး မိမိတို့လေ့လာသည့် သတင်းအချက်အလက်နှင့် သုတေသနဆိုင်ရာအကြံဉာဏ်များပေးခဲ့သည်။ စီမံချက်နှင့် ပတ်သက်ပြီး မိမိတို့အား ကုမ္ပဏီ ၂၀ နီးပါးက ဆက်သွယ်ခဲ့ကြပြီး ရှိပြီးသား ဝန်ထမ်းကျင့်ဝတ်များ သို့မဟုတ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ဆောင်မှုများကဲ့သို့ နောက်ထပ်သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် ဝက်ဘ်ဆိုဒ်များတွင် အချက်အလက်သစ်များ တင်ခြင်းလုပ်ငန်းများကို ကုမ္ပဏီများက လုပ်ဆောင်ခဲ့ကြသည်။ သုတေသနကာလအတွင်း စီမံချက်၏ရလဒ်အဖြစ် အချို့သောဝက်ဘ်ဆိုဒ်များသည် သိသိသာသာ ပြင်ဆင်မှုများပြုလုပ်ခဲ့ကြသည်။ အခြားကုမ္ပဏီများကမူ စီမံချက်၏ရည်ရွယ်ချက်များကို ၄င်းတို့ထောက်ခံသည့်တိုင် ကုမ္ပဏီအပြောင်းအလဲများ သို့မဟုတ် အခြားသောအကြောင်းအရင်းခံများကြောင့် ဝက်ဘ်ဆိုဒ်စတင်ခြင်း သို့မဟုတ် သတင်းအချက်အလက်သစ်များတင်ခြင်းကို အချိန်မီ မပြုလုပ်နိုင်ခဲ့ကြဟု MCRB အား အကြောင်းပြန်ခဲ့ကြသည်။

ဤစီမံချက်သည် ရေရှည်လုပ်ကိုင်ရမည့် လုပ်ငန်းဖြစ်တစ်ခုဟုရှုမြင်အောင် ကုမ္ပဏီများကိုတိုက်တွန်းခဲ့ပြီး ယခုကဲ့သို့ ဆက်လက်ပြီး သတင်းအချက်အလက်များကို ထုတ်ပြန်ခြင်းဖြင့် ၂၀၁၅ တွင် ပြုလုပ်မည့် ဤစီမံချက်အတွက် ပြင်ဆင်ပြီးသား ဖြစ်နေပေလိမ့်မည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းအလေ့အထများမြှင့်တင်ရန် MCRB ကလည်း နောက်ထပ်အထောက်အကူပြုမှုများ ပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

ဝဘ်ဆိုဒ်မရှိသော အချို့ကုမ္ပဏီများ (ကုမ္ပဏီ ၂၅ ခု- လေ့လာမှု၏ ၄၁.၆၇ ရာခိုင်နှုန်း) နှင့်ဆက်သွယ်ရေးတွင် ကျွန်ုပ်တို့၏ ဆက်သွယ်နိုင်စွမ်းအခက်အခဲရှိခဲ့ပြီး အားထားရလောက်သည့် ဆက်သွယ်ရန် သတင်းအချက်အလက်ကိုသာ အသုံးပြုခဲ့ရသည်။ ဝဘ်ဆိုဒ်ရှိသည့် ကုမ္ပဏီအချို့ပင် ပွင့်သစ်စစီမံချက်နှင့်ပတ်သက်သော သတင်းအချက်အလက်များသည် ပြန်လည်ဆက်သွယ်ရန်အတွက် သက်ဆိုင်ရာမန်နေဂျာများထံသို့ ရောက်ရှိပုံမပေါ် ပေ။ ယင်းကိုကြည့်လျှင် မြန်မာကုမ္ပဏီအများစုသည် ကော်ပိုရိတ်ရေးရာ သို့မဟုတ် ဆက်သွယ်ရေးဌာနများ မရှိခြင်းကို ထင်ဟပ်ပြသနေသည်ဟု ဆိုရမည်ဖြစ်သည်။

## အချက်အလက်စုဆောင်းခြင်းနှင့် သုံးသပ်ခြင်း

ရွေးချယ်ခံရသည့် ကုမ္ပဏီများ၏ ဝဘ်ဆိုဒ်များကို ၂၀၁၄ ဧပြီလ ၁ ရက်နေ့မှ ဇူလိုင်လ ၁ ရက်နေ့အထိ သုတေသနပြုလေ့လာခြင်းဖြင့် အချက်အလက် စုဆောင်းခဲ့သည်။ လေ့လာသည်မေးခွန်းများနှင့်ပတ်သက်ပြီး သက်ဆိုင်သောသတင်းအချက်အလက်များရှာဖွေရန်နှင့် အပြောင်းအလဲများကိုစောင့်ကြည့်ရန် ယင်းကာလအတွင်း ဤစီမံချက်တွင် ပါဝင်သော ပြည်တွင်းကုမ္ပဏီများ၏ဝဘ်ဆိုဒ်များကို အကြိမ်ကြိမ်ဝင် ရောက်ကြည့်ရှုခဲ့သည်။

လေ့လာသည်ကုမ္ပဏီ ၆၀ အနက် ကုမ္ပဏီ ၃၅ ခုတွင်သာ ဝဘ်ဆိုဒ်ရှိကြသည်။ ယင်း ကုမ္ပဏီ ၃၅ ခု၏ ဝဘ်ဆိုဒ်များကို စီမံချက်ကာလတစ်လျှောက် မပြတ်ကြည့်ရှုနေခဲ့သည်။ ကုမ္ပဏီ ၃၅ ခုအနက် ကုမ္ပဏီ ၁၀ ခု၏ ဝဘ်ဆိုဒ်များသည် ဤစီမံချက်ကာလအတွင်း သိသာထင်ရှားသော ပြောင်းလဲမှုများ ပြုလုပ်ခဲ့သည်။

အမှတ်ပေးစည်းမျဉ်း (နောက်ဆက်တွဲ ၁) သည် အပြည်ပြည်ဆိုင်ရာ ပွင့်လင်းမြင်သာမှုအဖွဲ့ကြီး (TI) ၏ အမှတ်ပေးစနစ်အပေါ် အခြေခံခဲ့ခြင်းဖြစ်ပြီး မေးခွန်းတစ်ခုချင်းအတွက် အမှတ်ပေးစည်းမျဉ်းကိုမူ ဝဘ်ဆိုဒ်များကို ပထမဆုံးလေ့လာသုံးမှုအပေါ် အခြေခံကာ အဖွဲ့တွင်းဆွေးနွေးမှုပြုလုပ်ပြီးနောက် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ အမှတ်ပေးစည်းမျဉ်းကိုလည်း ကုမ္ပဏီများကို ပေးပို့ခဲ့ပြီးဖြစ်သည်။

မည်သည့်သတင်းအချက်အလက်များကို မည်မျှပမာဏဖြင့် ပြည့်ပြည့်ဝဝဖော်ပြထားသနည်းအပေါ် အခြေခံပြီး မေးခွန်းအသီးသီးအတွက် ရမှတ်များကို ၁၊ ဝ ဒသမ ၅ သို့မဟုတ် သုည စသည်ဖြင့် ပေးထားသည်။ အမှတ်ပေးရန် မသက်ဆိုင်သည့် မေးခွန်းတစ်စုံတစ်ရာကိုမူ  မသက်ဆိုင်ကြောင်း (N/A) ဖော်ပြထားသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒ၊ အဖွဲ့အစည်းဆိုင်ရာပွင့်လင်းမြင်သာမှု၊ လူ့အခွင့်အရေး၊ ကျန်းမာရေး၊ လုံခြုံစိတ်ချရမှုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ မိမိစီးပွားရေးလုပ်ငန်း၏ ချဉ်းကပ်မှုများနှင့်ပက်သက်ပြီး မိမိ၏တရားဝင်ဝဘ်ဆိုဒ်တွင် သတင်းအချက်အလက်များ ပိုမိုထုတ်ပြန်ထားသော ကုမ္ပဏီသည် အမှတ်ပိုရမည်ဖြစ်သည်။ သို့သော် အမှတ်ပိုရခြင်းသည် သတင်းအချက်အလက် ပိုမိုထုတ်ပြန်ခြင်း တစ်ခုတည်းကိုသာ ထင်ဟပ်ပြီး ယင်းအရေးကိစ္စများနှင့်ပတ်သက်ပြီး လက်တွေ့တွင် ကုမ္ပဏီ၏ စွမ်းဆောင်ရည်များကို တိုင်းတာခြင်း မဟုတ်ပေ။ ဝဘ်ဆိုဒ်များတွင်ထုတ်ပြန်ထားသော သတင်းအချက်အလက်များ၏ ရာနှုန်းပြည့် တိကျသေချာမှုကိုလည်း တိုင်းတာခြင်း မဟုတ်ပေ။



# Results

## Reporting on Anti-corruption Programmes

Business has an essential role to play in fighting corruption, and the UN Global Compact states that "Businesses should work against corruption in all its forms, including extortion and bribery."  A company with clear policies and a commitment to fight corruption from the most senior managers, as well as an effective and regular staff training and awareness programme, will be better able to prevent corruption by its staff.  It also provides the company with some defence in cases when one of its employees is found to have participated in corruption.

In the initial assessment of the websites, few companies reported having an anti-corruption programme or policies. However some subsequently published more information, including in some cases publishing previously internal staff codes of conduct which include anti-corruption elements.  Some companies have anti-corruption policies separate to their code of conduct. Some companies include restrictions on staff from taking gifts and entertainment with a certain maximum threshold. However, very few extended this anti-corruption commitment towards their agents, and supply chains. Facilitation payments (tea money) are deep-rooted in Myanmar society; only some companies claim they have taken the initiative to address facilitation payments as part of their anti-corruption efforts.


In the final review, only 11 of the 35 companies with websites reported on anti-corruption (see Figure 1 below. The remaining 24 companies (see Table 1) failed to report on any anti-corruption policies and monitoring programmes and therefore did not receive a score even though they might have policies in place.

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆိုင်ရာ ထုတ်ပြန်ခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် စီးပွားရေးလုပ်ငန်းများ မဖြစ်မနေ ပါဝင်ရမည် ဖြစ်သည်။ "စီးပွားရေးလုပ်ငန်းများသည် အာဏာသုံးဖိအားပေး၍လုပ်ပိုင်ခွင့်များရယူခြင်းနှင့် လာဘ်ပေးခြင်းအပါအဝင် အဂတိလိုက်စားမှု၏ ပုံစံအားလုံးနှင့်ဆန့်ကျင်ပြီး လုပ်ဆောင်သင့်သည်" ဟု UN Global Compact တွင်ဖော်ပြထားသည်။ ကုမ္ပဏီတစ်ခုသည် ရှင်းလင်းသော မူဝါဒများရှိပြီး ထိပ်တန်းအကျဆုံး မန်နေဂျာများထံမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အားထုတ်လုပ်ဆောင်မှုများရှိကာ ဝန်ထမ်းများအတွက် ထိရောက်မှုရှိသော ပုံမှန်သင်တန်းများနှင့် ပညာပေးလုပ်ငန်းများရှိလျှင် မိမိတို့၏ ဝန်ထမ်းများဖြင့်ပင် အဂတိလိုက်စားမှုကြိုတင်ကာကွယ်ရန် ပိုမိုကောင်းမွန်စွာ လုပ်ဆောင်နိုင်ပေလိမ့်မည်။ မိမိ၏ဝန်ထမ်းတစ်ယောက်ယောက်က အဂတိလိုက်စားမှုတွင်

ပါဝင်လုပ်ဆောင်သည်ကိုတွေ့ရှိသည့်အခါတွင်လည်း ကုမ္ပဏီအတွက် အကာအကွယ်တစ်ခု ရနိုင်ပေမည်။

Figure 1 Company Results: Anti-Corruption




ဝက်ဘ်ဆိုဒ်များကို ကနဦးလေ့လာဆန်းစစ်မှုအရ ကုမ္ပဏီအနည်းငယ်ကသာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများ သို့မဟုတ် မူဝါဒများထုတ်ပြန်ထားသည်ကိုတွေ့ရသည်။ သို့သော်နောက်ပိုင်းတွင်အချို့ကအဂတိလိုက်စားမှုတိုက်ဖျက်ရေးအကြောင်းအရာများပါဝင်သည့် ယခင်ကတည်းကရှိခဲ့သော ကုမ္ပဏီတွင်း ဝန်ထမ်းကျင့်ဝတ်များ ထုတ်ပြန်ခြင်းများအပါအဝင် သတင်းအချက်အလက်များ ပိုမိုထုတ်ပြန်ခဲ့ကြသည်။ အချို့ကုမ္ပဏီများတွင် ၎င်းတို့၏ ဝန်ထမ်းကျင့်ဝတ်အပြင် သီးခြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး မူဝါဒများရှိကြသည်။ အများဆုံးပမာဏတစ်ခုထက်ပိုသော လက်ဆောင်ပစ္စည်းများ လက်မခံရန် တားမြစ်မှုမျိုး အချို့ကုမ္ပဏီများတွင်ရှိသည်ကို တွေ့ရသည်။ သို့သော်လည်း အရေအတွက်အနည်းငယ်သော ကုမ္ပဏီများကသာ ယင်းအဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်မှုများကို မိမိတို့၏ကိုယ်စားလှယ်များ၊ ကုန်စည်နှင့်ဝန်ဆောင်မှုပတ်လမ်းများအထိ ကျင့်သုံးကြသည်။ လုပ်ငန်းအဆင်ပြေအောင် အပိုငွေရခြင်းအကျင့်သည် မြန်မာ့လူ့အဖွဲ့အစည်းတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသည်။ မိမိတို့၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ဆောင်မှုများ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လုပ်ငန်းအဆင်ပြေအောင် အပိုငွေရခြင်း၊ ပေးခြင်းကို ဖြေရှင်းရန် လုပ်ဆောင်မှုများ ပြုလုပ်ခဲ့ကြသည်ဟု ကုမ္ပဏီအချို့ကသာ ဆိုသည်။

နောက်ဆုံးသုံးသပ်ချက်အရ ဝက်ဘ်ဆိုဒ်ရှိသည့် ကုမ္ပဏီ ၃၅ ခုအနက် ၁၁ ခုတွင်သာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒများ ထုတ်ပြန်ထားသည်ကိုတွေ့ရသည်။ (အထက်တွင် ပုံ-၁ ကို ကြည့်ပါ။) ကျန်ကုမ္ပဏီ ၂၄ ခုမှာ (ဇယား ၁ ကို ကြည့်ပါ) အဂတိလိုက်စားမှုတိုက်ဖျက် ရေးလုပ်ငန်းများနှင့် မူဝါဒတစ်ခုခုကို ထုတ်ပြန်ထားခြင်း မရှိသည့်အတွက် (လုပ်ငန်းခွင်တွင် မူဝါများကို ကျင့်သုံးကောင်း ကျင့်သုံးသည့်တိုင်) အဂတိလိုက်စားမှု တိုက်ဖျက်ရေးအပိုင်းတွင် အမှတ် မရခဲ့ကြပေ။

## Reporting on Organisational Transparency

Organisational transparency of large companies is very important to Myanmar stakeholders. We decided to score companies on the basis of the Group they were a part of, rather than individual subsidiaries, since there is a suspicion and a lack of information about the multiple companies owned by specific Groups. There has been a tendency by some companies to maintain websites about some subsidiaries but be silent about others.




Myanmar companies surveyed tended to have a higher score in the organizational transparency section compared to the other two sections of the survey. While the survey on anti-corruption and human rights & HSE emphasise reporting and implementation, organizational transparency is easier to publish information about, and to obtain a score.

